(၁၀) အတ္ထိ နု ခေါ မေ ဥတ္တရိမနုဿဓမ္မော အလမရိယဉာဏ-
ဒဿနဝိသေသော အဓိဂတော၊ ယော ခေါဟံ
ပစ္ဆိမေ ကာလေ, သဗြဟ္မစာရီဟိ ပုဋ္ဌော, န မင်္ကု
ဘဝိဿာမီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမေ ခေါ ဘိက္ခဝေ ဒသဓမ္မာ ပဗ္ဗဇိတေန
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။

---

(၉) ကစ္စိ၊ အသို့နည်း။ အဟံ၊ ငါသည်။ သုညာဂါရေ၊ ဆိတ်ငြိမ်သော ကျောင်း၌။ အဘိရမာမိ နု ခေါ၊ မွေ့လျော်နိုင်ပါ၏လော။ ဣတိ၊ ကို။ ပဗ္ဗဇိတေန၊ သည်။ အဘိဏှံ၊ နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ထိုက်၏။

(၁၀) ယော အဟံ၊ အကြင် ငါသည်။ ဝါ၊ အကြင် ငါ့ကို။ ပစ္ဆိမေ ကာလေ၊ သေချိန်ရောက်ရာ နောက်အခါ၌။ သဗြဟ္မစာရီဟိ၊ သီတင်းသုံးဘော်တို့သည်။ ပုဋ္ဌော၊ မေးအပ်သည်။ (သမာနော်၊ ဖြစ်လတ်သော်။) မင်္ကု၊ မျက်နှာ မသာယာသည်။ န ဘဝိဿာမိ၊ မဖြစ်ရလိမ့်အံ့။ တဿမေ၊ ထို ငါ၏။ ဝါ၊ ထို ငါသည်။ အဓိဂတော၊ သိအပ်ရအပ်ပြီးသော။ အလမရိယဉာဏဒဿနဝိသေသော၊ ကိလေသာကို ဖျက်ဆီးခြင်း၌ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် အထူးရှိသော။ ဥတ္တရိမနုဿဓမ္မော၊ မြတ်သော ဈာယီအရိယာလူတို့၏ဥစ္စာဖြစ်သော ဈာန်မဂ်ဖိုလ်တရားသည်။ အတ္ထိ နု ခေါ၊ ရှိလေသလော။ ဣတိ၊ ဤ အကြောင်းကို။ ပဗ္ဗဇိတေန၊ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေသည်။ အဘိဏှံ၊ နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ထိုက်၏။

ဘိက္ခဝေ၊ ဘိက္ခုတို့။ ဒသ၊ ၁၀-ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤ တရားတို့ကို။ ပဗ္ဗဇိတေန၊ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေသည်။ အဘိဏှံ၊ နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်ထိုက်ကုန်၏။